CB Securities Limited
#03-04, Union Financial Center,
Corner of Mahabandoola Road & Theinphyu Road, Yangon, Myanmar.
Tel: +95 1 8610309-13, 8610331-35, Email: contact@cbsecurities.com.mm

# Application for Online Trading Services

## (အွန်လိုင်းအသုံးပြု ငွေချေးသက်သေခံစာချုပ်ရောင်းဝယ်ခြင်း စာရင်းဖွင့်လျှောက်လွှာ)

| | |
|---|---|
| Date:<br>နေ့စွဲ | No:<br>အမှတ်စဉ် |

**Account Details**

Trading Account No.
ငွေချေးသက်သေခံစာချုပ် ဝယ်ရောင်းစာရင်းအမှတ်

**For Individual and Joint Account (တစ်ဦးချင်း သို့ ပူးတွဲစာရင်း)**

| | |
|---|---|
| Name (Main): ____________________<br>အမည် | Name (Joint): ____________________<br>အမည် |
| NRC No: ____________________<br>မှတ်ပုံတင်အမှတ် | NRC No: ____________________<br>မှတ်ပုံတင်အမှတ် |
| Contact No: ____________________<br>ဆက်သွယ်ရန်ဖုန်းနံပါတ် | Contact No: ____________________<br>ဆက်သွယ်ရန်ဖုန်းနံပါတ် |

Email (email address that you would like to use for online trading facility):
အီးမေး(လ်)လိပ်စာ (Online Trading ဝန်ဆောင်မှုတွင်အသုံးပြုရန်)

Preferred User ID (6-16 alpha-numeric characters):
အသုံးပြုလိုသော User ID (၆လုံးထက်မနည်း ၁၆လုံးထက်မပိုသော အက္ခရာနှင့်ကိန်းဂဏန်း ကိုရောပြီးအသုံးပြုနိုင်ပါသည်။)
User ID (1): (Or) User ID (2):

Security Question:
လုံခြုံရေး မေးခွန်း

Answer:
အဖြေ

## Declaration by applicant(s) (သဘောတူညီချက်)

By signing this application form, I/we fully understand and agree to the following:

အောက်ပါ အထွေထွေ သတ်မှတ်ထားသော စည်းကမ်းချက်များ ကို နားလည်ပြီး သဘောတူ လက်မှတ်ရေးထိုးပါသည်။

1) CB Securities Limited, at the applicant's request, makes the Online Services available to the applicant, who becomes the Client of Online Trading Services ("Client") after signing of this agreement.

   အောက်ပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးချိန်မှစ၍ CB Securities Ltd. ၏ အွန်လိုင်းအသုံးပြု ငွေချေးသက်သေခံစာချုပ် ရောင်းဝယ်ခြင်း ဝန်ဆောင်မှုကို အသုံးပြုရန် တရားဝင်ဖြစ်ကြောင်း သိရှိနားလည်ပြီး ဖြစ်ပါသည်။

2) The Client agrees and acknowledges that the Securities made available via the Online Services may include securities issued by third party issuers other than CB Securities Limited. These third party issuers bear the risk that the relevant third party issuers may not be able to fulfill its obligations under the terms of the relevant securities on any due date, and CB Securities Limited will not bear any liability in the event of a default of such third party issuer of the terms of a particular Security. The Client confirms that they have read the relevant issuance documents (e.g. including term sheets, final terms etc) and generally any such documents which have been made available via the Online Services with respect to the securities. Such documentation will have been prepared by the relevant third party issuer without the assistance or involvement of CB Securities Limited. For the avoidance of doubt, CB Securities Limited will not have performed any validation or confirmation as to the accuracy of the relevant documentation and will only have been involved in the use of specific IT services to the extent necessary to record and/or upload such documentation for the purposes of the Online Services. CB Securities Limited therefore does not make any representation or give any warranty with respect to the accuracy or completeness of the information contained in the relevant documents, and CB Securities Limited

disclaims all liability for any damage that may be suffered by the Client (and, where applicable, his personnel) as a result of inaccurate or incomplete information contained in any such document. CB Securities does not owe any obligation to or undertake to review, vet or otherwise edit the same and in this regard.

အွန်လိုင်းဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်သော ငွေချေးသက်သေခံစာချုပ်ဆိုသည်မှာ CB Securities Ltd. မှ ထုတ်ပြန်သော ငွေချေးသက်သေခံစာချုပ် သာမက အခြားသော စာရင်းဝင်အများပိုင်ကုမ္ပဏီများ၏ ငွေချေးသက်သေခံစာချုပ်များကိုလည်း အရောင်းအဝယ်ပြုလုပ်နိုင်သည်ကို သိရှိနားလည်ပြီးဖြစ်ပါသည်။ ထို့အတွက် ယင်းကုမ္ပဏီများမှ လူကြီးမင်းတို့ အပေါ် ပျက်ကွက်သည့် မည်သည့်ကိစ္စရပ်မျိုးကိုမှ CB Securities Ltd. မှ တာဝန်ယူမည် မဟုတ်ကြောင်း သိရှိနားလည်ပြီးဖြစ်သည်။ အွန်လိုင်းတွင် ရရှိနိုင်သော အရောင်းအဝယ်ပြုမည့် ငွေချေးသက်သေခံစာချုပ် နှင့် ပတ်သက်သည့် သဘောတူညီချက်ပါ စာရွက်စာတမ်းများကို ဖတ်ရှုပြီးကြောင်း အတည်ပြုပြီးဖြစ်သည်။ သက်သေခံလက်မှတ်စာချုပ်နှင့် ပတ်သက်သည့် ထုတ်ပြန်ထားသော စာရွက်စာတမ်းများကို ယင်းသက်သေခံလက်မှတ် စာချုပ်ထုတ်ထားသည့် ကုမ္ပဏီများမှ ပြင်ဆင်ခြင်းဖြစ်ပြီး CB Securities Ltd. မှ ပြင်ဆင်ထားခြင်းမဟုတ်ကြောင်း သိရှိပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ ယင်းထုတ်ပြန်ထားသော စာရွက်စာတမ်း၏ တိကျမှန်ကန်မှုသည် CB Securities Ltd. နှင့် သက်ဆိုင်မှုမရှိကြောင်း နှင့် CB Securities Ltd. သည် IT ဝန်ဆောင်မှုကိုအသုံးပြု၍ လူကြီးမင်းတို့ လိုအပ်မည်ဟု ယူဆရသည့် ထုတ်ပြန်မှုများကို အွန်လိုင်းပေါ်တွင် တင်ပေးခြင်းသာဖြစ်ကြောင်း သိရှိပြီးဖြစ်သည်။ ထို့ကြောင့် CB Securities Ltd. မှ ယင်းထုတ်ပြန်ထားသော စာရွက်စာတမ်း၏ ပြီးပြည့်စုံမှု၊ တိကျမှန်ကန်မှုကို ကိုယ်စားပြုခြင်းမျိုး သို့မဟုတ် အာမခံပေးခြင်းမျိုး မရှိကြောင်းနှင့် ယင်းကြောင့် ဖြစ်ပေါ်သည့် မည်သည့် ထိခိုက်နစ်နာမှုကိုမှ တာဝန်ယူမည် မဟုတ်ကြောင်း သိရှိပြီးဖြစ်သည်။

3) CB Securities Limited may at any time and in its absolute discretion restrict, either in whole or in part, the Client's right to use (and, where applicable, the right of his relevant authorised personnel to use) the Online Services or to render the right conditional in particular upon the occurrence of force majeure events, technical breakdowns, market disruptions with regard to the available underlying or if there is a suspicion of abusive and/or unlawful conduct by the Client and/or (where applicable) his authorised personnel. CB Securities Limited may also without prior notice to the Client limit the list of Securities available to the Client via the Online Services, impose conditions of access upon the Client and/or (where applicable) their personnel or restrict or deny the Client's and/or (where applicable) their personnel's access to the Online Services temporarily or permanently either in whole or in part.

ကြိုတင်ခန့်မှန်း၍ မရသောအခြေအနေများ၊ စက်ချို့ယွင်းမှု၊ ဈေးကွက်တွင် အမှားအယွင်း တစ်စုံတစ်ရာဖြစ်ခဲ့ပါက သို့မဟုတ် အွန်လိုင်းဝန်ဆောင်မှု အသုံးပြုနေသူများမှ စည်းကမ်းချက်နှင့် ကိုက်ညီမှု မရှိသော အပြုအမူမျိုး တွေ့ရှိပါက CB Securities Ltd. အနေဖြင့် ၄င်းတို့ သုံးစွဲနေသော အွန်လိုင်းဝန်ဆောင်မှု၏ လုပ်ဆောင်ချက် တစ်ချို့တစ်ဝက်ကိုလည်းကောင်း၊ အပြည့်အဝ ကိုသော်လည်းကောင်း ကြိုတင်အကြောင်းကြားခြင်းမပြုပဲ ယာယီ သို့မဟုတ် အမြဲတစေ ပိတ်သိမ်းခွင့်ရှိကြောင်း သိရှိပြီးဖြစ်သည်။ ထို့အပြင် အွန်လိုင်းသုံးစွဲသူများအား ကြိုတင်အသိမပေးပဲ တစ်ချို့သော ငွေချေးသက်သေခံစာချုပ် အရောင်းအဝယ်ပြုလုပ်ခြင်းကို ယာယီသို့မဟုတ် အမြဲတစေပိတ်သိမ်းခွင့်ရှိကြောင်း သိရှိပြီးဖြစ်သည်။

4) CB Securities Limited. may, in its sole and absolute discretion, determine and vary the frequency, manner of use or availability of the Online Services from time to time. CB Securities Limited. may also make changes to the Website(s) and the contents thereof from time to time. CB Securities Limited. shall only use reasonable endeavours to provide the Online Services. Any transmissions made by either the Client to CB Securities Limited. or CB Securities Limited. to the Client using the Online Services shall be on a "reasonable endeavours" basis and consequently, CB Securities Limited shall be under no obligation to give effect to any such transmission and may refuse to carry out such transmission without giving a reason for such refusal.

CB Securities Ltd. အနေဖြင့် အွန်လိုင်းဝန်ဆောင်မှု အသုံးပြုမှု အကြိမ်အရေအတွက်၊ အသုံးပြုပုံ၊ အသုံးပြုနိုင်မှုတို့အား လိုအပ်လျှင်လိုအပ်သလို ပြောင်းလဲနိုင်ပါသည်။ ဝက်ဆိုက်တွင် ပါဝင်သော အကြောင်းအရာများကိုလည်း အချိန်နှင့်တပြေးညီ လိုအပ်သလို ပြောင်းလဲနိုင်ကြောင်း သိရှိနားလည်ပြီး ဖြစ်သည်။

5) The Client shall be responsible for acquiring and maintaining any and all equipment necessary for utilising the Online Services. CB Securities Limited. may from time to time stipulate the minimum specifications for the equipment necessary to access the Online Services but accepts no responsibility for the Client's inability to access the Online Services by reason of any deficiency in the Client's equipment to utilise the Online Services.

လူကြီးမင်းတို့ထံတွင် အွန်လိုင်းဝန်ဆောင်မှု အသုံးပြုရန် သို့မဟုတ် ထိန်းသိမ်းရန် လိုအပ်သော အထောက်အကူပစ္စည်းများ ပြည့်စုံစွာရှိရမည်။ အထောက်အကူ ပစ္စည်းမပြည့်စုံမှုကြောင့် အွန်လိုင်းဝန်ဆောင်မှု အသုံးပြုခွင့်မရရှိခြင်းသည် CB Securities Ltd. နှင့် သက်ဆိုင်မှု မရှိကြောင်း သိရှိနားလည်ပြီး ဖြစ်သည်။

6) If any software for accessing Online Services is supplied, the Client acknowledges that he only has a nonexclusive and non-transferable licence to use such software and CB Securities Limited may impose such further terms and conditions on the use of such software that it in its sole and absolute discretion deems fit.

အကယ်၍ အွန်လိုင်းဝန်ဆောင်မှုအသုံးပြုရန်အတွက် ဆော့ဖ်ဝဲ အသုံးပြုရမည်ဆိုပါက ထိုဆော့ဖ်ဝဲ အသုံးပြုမှုသည် သက်ဆိုင်သူတစ်ဦးတည်းအတွက်သာ ဖြစ်ပြီး အခြားသောသူအား လွှဲပြောင်းပေးခြင်းမျိုး ပြုလုပ်ရန်မသင့်ကြောင်း သိရှိပြီးဖြစ်သည်။

7) Upon termination of the Client's use of the Online Services, any software so licensed to Client shall be returned to CB Securities Limited and, depending on CB Securities Limited's instructions, all copies and documentation in respect thereof in the Client's possession or control shall either be returned to CB Securities Limited or destroyed. Where the copies and documentation are to be destroyed, the Client shall submit to CB Securities Limited written proof of such destruction.

အကယ်၍ အွန်လိုင်းဝန်ဆောင်မှု အသုံးပြုရန် ရပ်ဆိုင်းမည်ဆိုပါက CB Securities Ltd သို့ အသိပေးအကြောင်းကြားရမည်။ သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများ၊ ဆော့ဖ်ဝဲ လိုင်စင် (ရှိခဲ့ပါက) ကိုလဲ CB Securities Ltd သို့ ပြန်လည်ပေးအပ်ရမည် (သို့မဟုတ်) CB Securities Ltd သို့ အကြောင်းကြား၍ လူကြီးမင်းတို့ကိုယ်တိုင် ဖျက်သိမ်းပေးရမည်ကို သိရှိနားလည်ပြီးဖြစ်သည်။

8) If trade order is place through Online Services, trading amount of one transaction is as the limit set by SECM.

အွန်လိုင်းဖြင့် အရောင်းအဝယ်တင်လိုပါက တစ်ကြိမ်လျှင် အများဆုံး အရောင်းအဝယ် အော်ဒါတင်နိုင်သည့် ပမာဏမှာ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission of Myanmar) ၏ ခွင့်ပြုသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။

9) Hours for accepting orders are, during market open days, market opening hours 9:30a.m. - 1:00p.m. Orders placed after market hours will be accepted as After Market Order (AMO).

အရောင်းအဝယ် အော်ဒါအား မနက် ၉ နာရီခွဲမှ စတင်၍ နေ့လည် ၁နာရီထိ လက်ခံပါမည်။ ဈေးကွက်ပိတ်ချိန်နောက်ပိုင်း အရောင်းအဝယ်အော်ဒါများအား အကြို အော်ဒါများအဖြစ် သတ်မှတ်လက်ခံပေးမည် ဖြစ်ပါသည်။

10) Once a customer is authorized to use the functionality, order can be placed and cancelled through the Online Trading Platform, part of the Online Services. Shortly after a client placed his/her order, a pop up window shall show up and allow the Client to do order confirmation, after which the order is deemed effective. Each cancellation of order shall also have a pop up window to confirm such cancellation. A fter the execution time o f the Y S X customer can see, if the order is accepted, the transaction through the Online Trading Platform. Failed order and failed cancellation request can also be identified through the accepted transactions shown on the Online Trading Platform after execution time.

လူကြီးမင်းတို့သည် အရောင်းအဝယ်အော်ဒါတင်ရာတွင်လည်းကောင်း တင်ပြီးသားအော်ဒါအား ပြန်လည် ဖျက်သိမ်းရာတွင်လည်းကောင်း အွန်လိုင်းဝန်ဆောင်မှုဖြင့် ဆောင်ရွက်နိုင်ပါသည်။ အော်ဒါတင်ရာတွင် ယင်းအော်ဒါတင်ခြင်းကို လက်ခံသည်ဟုနှိပ်မှ လူကြီးမင်းတို့အော်ဒါအား ဆက်လက်တင်ပေးမည်။ အော်ဒါဖျက်သိမ်းရာ တွင်လည်း ယင်းအော်ဒါအား ဖျက်သိမ်းရန် လက်ခံသည်ဟု နှိပ်မှ လူကြီးမင်းတို့ အော်ဒါကို ရုပ်သိမ်းပေးမည်။ အရောင်းအဝယ် ဖြစ်သည့်အချိန်သည် ရန်ကုန်စတော့ အိတ်ချိန်းမှ သတ်မှတ်ထားသော အချိန်များအတိုင်းဖြစ်ပါမည်။ အရောင်းအဝယ်ဖြစ်သည့်အချိန် ပြီးပြီးချင်း လူကြီးမင်းတို့၏အော်ဒါ အောင်၊မအောင်ကို အွန်လိုင်းမှ တစ်ဆင့် သိရှိနိုင်ပါသည်။ ထို့အတူ အရောင်းအဝယ် မဖြစ်သွားသော အော်ဒါများ၊ ပြန်လည်ရုတ်သိမ်းလိုက်သော အော်ဒါ များကိုလည်း အွန်လိုင်းမှ တစ်ဆင့် ပြန်လည် ကြည့်ရှုနိုင်ကြောင်း သိရှိနားလည်ပြီးဖြစ်သည်။

11) The Client confirms that neither CB Securities Limited. nor its Affiliates make any representations or warranties whatsoever concerning the Electronic Communications and that all terms, representations, warranties and conditions are hereby excluded to the fullest extent permitted by law. The Client agrees that the Client will use the Electronic Communications at his own risks and will satisfy himself as to whether the Electronic Communications meet his requirements.

အွန်လိုင်းဝန်ဆောင်မှု၏ ယုံကြည်စိတ်ချရမှု အရည်အသွေးနှင့် ပတ်သက်၍ CB Securities Ltd. နှင့် ယင်းဝန်ဆောင်မှုကိုပေးနေသော ဆက်စပ်သည့် ကုမ္ပဏီများ - CB Bank မှ ကိုယ်စားဆောင်ရွက်ပေးခြင်းမျိုး၊ အာမခံပေးခြင်းမျိုးမရှိပါ။ အွန်လိုင်းဝန်ဆောင်မှုအသုံးပြုခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ဆုံးရှုံးနိုင်ချေ ရှိသော ကိစ္စရပ်အားလုံးသည် လူကြီးမင်းတို့နှင့်သာ သက်ဆိုင်ကြောင်း သိရှိ နားလည်ပြီးဖြစ်သည်။

12) The Client agrees that he accepts full responsibility for the secrecy and confidentiality of the user identification code, password and any technological devices which CB may provide to the Client for the purposes of enabling his access to the Online Services issued or to be issued to him by CB Securities Limited for the purposes of gaining access to the Online Services. The Client agrees to take reasonable security precautions with regard to the maintaining of the confidentiality of and preventing unauthorised access to the Security Information and agrees that he will be wholly and solely responsible for preserving the confidentiality and secure use of their Security Information.

လူကြီးမင်းတို့၏ ငွေချေးသက်သေခံစာချုပ်အရောင်းအဝယ်ပြုလုပ်နိုင်သည့် စာရင်းအကောင့်ကုဒ်နံပါတ်၊ လျှို့ဝှက်နံပါတ်နှင့် အွန်လိုင်းဝန်ဆောင်မှုအသုံးပြုရန် CB Securities Ltd မှ ပံ့ပိုးထားသည့် လိုအပ်သော နည်းပညာဆိုင်ရာ ကိရိယာများ၏ လုံခြုံမှုအတွက် လူကြီးမင်းတို့တွင် တာဝန်အပြည့်ရှိကြောင်းသိရှိပြီးဖြစ်သည်။ အခြားသောသူများမှ လူကြီးမင်းတို့၏ လုံခြုံမှုဆိုင်ရာ သတင်းအချက်အလက်များကို တရားမဝင်ရယူခြင်းမှ ကာကွယ်ရန်နှင့် အွန်လိုင်းလုံခြုံမှုထိန်းသိမ်းရန် ကျိုးကြောင်းဆီလျော်သော ကာကွယ်မှုများ ထားရှိရမည်ကို သိရှိနားလည်ပြီးဖြစ်သည်။

13) If it is likely that unauthorised persons may have become aware of any Security Information or any applicable means of identification, the Client must inform CB Securities Limited. immediately without delay and issue a request to CB Securities Limited to have its access (via the compromised Security Information or other applicable means of identification) to the Online Services interrupted, suspended or blocked, providing full particulars and any further information as CB Securities Limited. may need to verify the request. On receipt of the request and information, CB Securities Limited may (but does not owe any duty to):

(a) vary, suspend or cancel the compromised Security Information or applicable means of identification within a commercially reasonable time thereafter (upon which CB Securities Limited may give the Client notice of the same as soon as reasonably practicable thereafter);

(b) decline to grant access to the Online Services or any part thereof; and/or

(c) decline to act on any order or instruction in respect of any Transaction that is authenticated or facilitated through such Security Information or in the course of any login session accessed via such Security Information.

In the event of abuse of the Security Information or use of access information by unauthorised persons, the Client shall be liable in full for any direct and indirect damage arising from or in connection with the same and undertakes to fully indemnify CB Securities Limited against any claims, proceedings or losses of whatever nature howsoever arising.

အကယ်၍ စာရင်းပိုင်ရှင်သည် မိမိစာရင်း၏ လုံခြုံရေးဆိုင်ရာအချက်အလက်များကိုသော်လည်းကောင်း ၊ CB Securities Ltd.တွင် မှတ်ပုံတင်ထားသော မိမိ၏ အခြားအချက်အလက်များကို သော်လည်းကောင်း၊ ခွင့်ပြုချက်မရှိသော တစ်စုံတယောက်မှ ရရှိသွားသည်၊ သိရှိသွားသည်ဟု သံသယရှိပါက (ထိုအချက်အလက်များကို အသုံးချ၍ မဆိုင်သူများမှ မိမိ၏အွန်လိုင်းအကောင့်ကို အသုံးပြုခြင်းမရှိစေရန်) ထိုအကောင့်ကိုကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းများပြုလုပ်ပေးရန် CB Securities Ltd. သို့ နှောင့်နှေးခြင်းမရှိဘဲ ချက်ချင်းအကြောင်းကြား တောင်းဆိုပေးရမည်ကို သိရှိနားလည်ပါသည်။ ထိုသို့အကြောင်းကြားရာတွင် CB Securities Ltd.မှ စုံစမ်းစစ်ဆေးနိုင်ရန်အတွက် အဆိုပါစာရင်း၏ ကျိုးပေါက်သွားသည်ဟု ယူဆသောအချက်အလက်များ၊ CB Securities Ltd.မှ လိုအပ်သလို တောင်းခံသော အခြားအချက်အလက်များ အားလုံးကို ပြည့်စုံစွာ ပေးပို့ရမည်ဖြစ်ကြောင်း နားလည်သိရှိပါသည်။ အဆိုပါ တောင်းဆိုချက်မျိုးနှင့် အချက်အလက်များ ရရှိသောအခါ CB Securities Ltd. သည် (ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ) အောက်ပါအချက်များကို ဆောင်ရွက်သွားပါမည်။

(က) ကျိုးပေါက်သွားသော စာရင်းအချက်အလက်များကို ပြောင်းလဲခြင်း၊ ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းများကို လုပ်ငန်းသဘောအရ ကြောင်းကျိုး ဆီလျော်သော အချိန်ကာလ သတ်မှတ်ချက်တခုအတွင်း ဆောင်ရွက်ပေးခြင်း၊ ထိုသို့ဆောင်ရွက်မည်ကိုလည်း စာရင်းပိုင်ရှင်ထံသို့ လက်တွေ့လုပ်ငန်းသဘောအရ အမြန်ဆုံးဖြစ်နိုင်ချေရှိသော အချိန်ကာလတခုအတွင်း အကြောင်းကြားအသိပေးခြင်း၊

(ခ) အွန်လိုင်းဝန်ဆောင်မှုများကို ဝင်ရောက်အသုံးပြုခွင့်မှုရပ်ဆိုင်းခြင်း၊

(ဂ) အဆိုပါကျိုးပေါက်သွားသော စာရင်းလုံခြုံရေးအချက်အလက်များကို အသုံးပြု၍ အွန်လိုင်းဝန်ဆောင်မှုမှ တဆင့် ဆောင်ရွက်ခဲ့သော အရောင်းအဝယ်အော်ဒါများ၊ အခြားသော ဆောင်ရွက်မှုများ၊ ညွှန်ကြားချက်များကိုမဆို အသိအမှတ်ပြုရန်၊ ဆက်လက်ဆောင်ရွက်ပေးရန် ငြင်းဆိုခြင်းများ ပြုလုပ်နိုင်သည်ကို သိရှိနားလည်ပြီးဖြစ်ပါသည်။

စာရင်းလုံခြုံရေး အချက်အလက်များကို အလွဲသုံးစားအသုံးပြုခြင်း၊ ခွင့်ပြုချက်မရှိသော တစုံတယောက်မှ မိမိ၏စာရင်းလုံခြုံရေးဆိုင်ရာ အချက်အလက်များကို အသုံးချ၍ အွန်လိုင်းဝန်ဆောင်မှုများကို အသုံးပြုခဲ့ခြင်း စသည့်ဖြစ်ရပ်များတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးဆက်ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုများ၊ နစ်နာမှုများအတွက် စာရင်းပိုင်ရှင်တွင် တာဝန်အပြည့်အဝရှိပြီး CB Securities Ltd.၏ အလုံးစုံသော ဆုံးရှုံးနစ်နာမှုများအတွက် နစ်နာကြေး၊ လျော်ကြေးအပြည့်အဝ ပေးအပ်ရမည်ကိုသိရှိနားလည်ပြီးဖြစ်ပါသည်။

14) The Client must likewise take the necessary security precautions on the data terminals or devices which are used to access the Online Services up-to-date virus protection, firewalls, sufficient data security, Client login verification, file transfers etc.) such that no third party can gain access to the Online Services via such data terminals or devices. In particular, the Client should:

(a) ensure that the technological device is safely stored away;

(b) notify CB Securities Limited immediately if the technological device is lost or fails to function as intended;

(c) change his password regularly, and change his password immediately if he suspect that someone knows it;

(d) not download any applications or software that is of dubious or doubtful origin;

(e) not allow any other person to keep, use or tamper with their technological device or reveal any one-time passwords which may be generated by the device; and

(f) not record his password or username anywhere or base his username or password on personal information such as his name, telephone number, date of birth or the like.

စာရင်းပိုင်ရှင်သည် ခွင့်ပြုချက်မရှိသည့် အခြားတစုံတယောက်မှ မိမိ၏စာရင်းအချက်အလက်များကို အသုံးပြုပြီး အွန်လိုင်းဝန်ဆောင်မှုများကို ဝင်ရောက် အလွဲသုံးစားပြုခြင်းများ မဖြစ်ပေါ်စေရန် အတွက် မိမိအသုံးပြုသည့် ကွန်ပြူတာအစရှိသည့် ပစ္စည်းကရိယာများ၏ လုံခြုံရေးကိုစနစ်တကျ ဆောင်ရွက် ကာကွယ်ထားရမည်ကို သိရှိနားလည်ပါသည်။ ဥပမာအားဖြင့်

(က) ကွန်ပြူတာ၊ မိုဘိုင်းပစ္စည်းများကို လုံခြုံစွာထားသိုရန်၊

(ခ) အဆိုပါစက်ပစ္စည်းများ ပျောက်ဆုံးခြင်း သို့မဟုတ် အဆိုပါပစ္စည်းများဖြင့် အွန်လိုင်းဝန်ဆောင်မှုကို အသုံးပြုရာတွင်ပုံမှန်မဟုတ်သည်ကို တွေ့ရှိရခြင်းများ ဖြစ်ပေါ်ပါက CB Securities Ltd. ကို ချက်ခြင်းအကြောင်းကြားရန်၊

(ဂ) လျှို့ဝှက်နံပါတ်များကို ပုံမှန်အားဖြင့်မကြာခဏ ပြောင်းလဲပေးရန်၊ ထို့ပြင်အခြားတစုံတယောက်မှ မိမိလျှို့ဝှက်နံပါတ်ကို သိရှိသွားသည်ဟု သံသယဖြစ်ပါက လျှို့ဝှက်နံပါတ်အား ချက်ချင်း ပြောင်းလဲပေးရန်၊

(ဃ) ရင်းမြစ်မသိသော၊ ရင်းမြစ်မသေချာသော သံသယဖြစ်ဖွယ် အပ်ပလီကေးရှင်းများ၊ ဆော့ဖ်ဝဲလ်များကို ဒေါင်းလုတ်ချခြင်း၊ ထည့်သွင်းခြင်းများမပြုရန်၊ (င) အွန်လိုင်းဝန်ဆောင်မှု အသုံးပြုသည့်စက်ပစ္စည်းများကို မိမိမှတပါး အခြားသူများအား သိမ်းဆည်းခိုင်းခြင်း၊ အသုံးပြုခိုင်းခြင်းများမပြုရန်၊ ထို့ပြင်

အဆိုပါ ပစ္စည်းများအား ဝင်ရောက်အသုံးပြုနိုင်သည့် လျှို့ဝှက်နံပါတ်များ၊ တခါသုံး လျှို့ဝှက်နံပါတ်များအား အခြားသူများအားပြောပြခြင်းမပြုရန်၊

(စ) လျှို့ဝှက်နံပါတ်များအား ရေးမှတ်ထားခြင်း၊ အသုံးပြုမည့်နာမည်၊ အသုံးပြုမည့် လျှို့ဝှက်နံပါတ်များ ပေးရာတွင် ကိုယ်ရေးအချက်အလက်များဖြစ်သည့် နာမည်အရင်း၊ ဖုန်းနံပါတ်၊ မွေးသက္ကရာဇ် အစရှိသည်တို့ကိုအသုံးမပြုရန်။

15) The Client acknowledges, in particular, the following risks connected with use of the Internet:

(a) unnoticed spying on the Client's computer or mobile device by means of spyware;

(b) modification of data and programs by viruses, trojans, etc.;

(c) collection of access data by the Internet service providers (senders, addressees, dates/times); and

(d) unauthorised access by third parties owing to an inadequate knowledge and/or lack of knowledge of the system by the Client.

စာရင်းပိုင်ရှင်သည် အင်တာနက်အသုံးပြုခြင်းနှင့် ဆက်စပ်နေသည့် ဖြစ်ပေါ်နိုင်သော အန္တရာယ်များရှိသည်ကို သိရှိနားလည်ပါသည်။ အထူးသဖြင့် အောက်ပါအန္တရာယ်များကိုသဘောပေါက်သိရှိနားလည်ပါသည်။

(က) သူလျှိုဆော့ဖ်ဝဲများ အသုံးပြု၍ စာရင်းပိုင်ရှင်၏ ကွန်ပြူတာ သို့မဟုတ် မိုဘိုင်းပစ္စည်းများအား တိတ်တဆိတ် ထောက်လှမ်းနေမှုကို သတိမပြုမိဘဲရှိနိုင်ခြင်း၊

(ခ) ဗိုင်းရပ်စ်၊ ထရိုဂျင်စသည်တို့ကို အသုံးပြု၍ အချက်အလက်များ၊ ပရိုဂရမ်များကို ပြောင်းလဲပြစ်နိုင်ခြင်း၊

(ဂ) အင်တာနက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများမှ သုံးစွဲသူ၊ နေရာ၊အချိန်၊လိပ်စာစသည့်အချက်အလက်များကိုစုဆောင်းယူမှုပြုနိုင်ခြင်း၊

(ဃ) စာရင်းပိုင်ရှင်၏ နည်းပညာဆိုင်ရာ အသိအားနည်းခြင်း၊ မပြည့်ဝခြင်းတို့ကြောင့် ခွင့်ပြုချက်မရှိသူများမှ ဝင်ရောက်သုံးစွဲနိုင်ခြင်း၊

16) CB Securities Limited. may, from time to time, prescribe or undertake such additional amendments or review of its security procedures, authentication and authorisation process, tools and mechanisms (including but not limited to authorisation, authentication, confirmation of the identity of Clients and Transactions).

CB Securities Ltd. အနေဖြင့် စာရင်းပိုင်ရှင် ၏ ကိုယ်ရေးအချက်အလက်များ နှင့် စာရင်းဝင် လုပ်ဆောင်ချက်များအား ဆန်းစစ်ခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်း၊ အတည်ပြုချက် ရယူခြင်းများ အပါအဝင် လိုအပ်သည်ဟု ယူဆသည့် အခြားသော လုံခြုံရေးဆိုင်ရာ ကာကွယ်မှုများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်မည်ကို သိရနားလည်ပြီးဖြစ်ပါသည်။

17) Payment can only be made through CB securities' trust account, no cash or other mean of payment is accepted
အရောင်းအဝယ်ပြုလုပ်၍ ကျသင့်သည့် ငွေများကို CB Securities Ltd. ၏ ငွေချေးသက်သေခံလက်မှတ် အရောင်းအဝယ်စာရင်းသို့သာ ပေးသွင်းရမည် ဖြစ်ပြီး အခြားသော မည်သည့် ငွေပေးချေသည့် နည်းလမ်းကိုမှ လက်မခံကြောင်း သိရှိနားလည်ပြီး ဖြစ်သည်။

18) Client of Online Trading Services comply to the General Terms and Conditions (supported separately and posted on the website of CB Securities Limited) set out by CB Securities Limited, which are subject to change from time to time without prior written notice.

CB Securities Ltd. မှ အထွေထွေ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် CB Securities Ltd.၏ ဝက်ဆိုဒ်ပေါ်ရှိ General Terms and Conditions ပါ အချက်အလက်များအား သိရှိနားလည် သဘောပေါက်ပါသည်။ အဆိုပါ အချက်အလက်များသည် ကြိုတင်အသိပေးခြင်းမရှိဘဲ အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ကိုလဲ သိရှိ နားလည် သဘောပေါက်ပြီးဖြစ်ပါသည်။

19) Client will receive Online Trading Service receives trade contract notes and monthly statements of the related Trading A/C through CB Securities Limited online trading platform or through other telecommunication means. Client of Online Trading Services hold harmless CB Securities against any claim, loss or any expense suffered or incurred by the Client due to causes mentioned in liability exclusion section of General Terms and Conditions.

စာရင်းပိုင်ရှင်သည် အရောင်းအဝယ်စာချုပ်မှတ်တမ်းများနှင့် လစဉ်စာရင်းရှင်းတမ်းများကို CB Securities Ltd ၏ အွန်လိုင်းဝန်ဆောင်မှုစနစ်မှသော်လည်းကောင်း၊ အခြားသောဆက်သွယ်ရေးနည်းများမှသော်လည်းကောင်း လက်ခံရရှိမည်ဖြစ်ပါသည်။ အထွေထွေသတ်မှတ်ထားသော စည်းကမ်းချက်များ (General Terms and Conditions) တွင် ဖော်ပြထားသကဲ့သို့ အွန်လိုင်းဝန်ဆောင်မှု အသုံးပြု သူစာရင်းပိုင်ရှင်၏ဆောင်ရွက်ချက်၊ ပြုမှုချက်၊ ချို့ယွင်းချက်များကြောင့် အဆိုပါစာရင်းပိုင်ရှင်တွင် နစ်နာမှုများ၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါက CB Securities Ltd တွင် လုံးဝတာဝန်မရှိပါကြောင်း စာရင်းပိုင်ရှင်မှသိရှိနားလည်ပြီးဖြစ်ပါသည်။

| (Signature of Main Applicant)<br>အဓိကစာရင်းရှင်လက်မှတ်<br><br>Date __________<br>နေ့စွဲ | (Signature of Joint Applicant)<br>ပူးတွဲစာရင်းရှင်လက်မှတ်<br><br>Date __________<br>နေ့စွဲ |
|---|---|

For Office Use Only (ရုံးလက်ခံ)

| (Attended/Received By) | (Checked By) | (Updated By) |
|---|---|---|
| Date __________ | Date __________ | Date __________ |
| နေ့စွဲ | နေ့စွဲ | နေ့စွဲ |